# ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဉက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင်အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ၏ ပုဒ်မ ၅ ကိုရုပ်သိမ်းရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၆ အစား၊ အောက်ပါကို၊ ပုဒ်မ ၆ အဖြစ်ထည့်သွင်းရမည်။

"၆။ ။တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားအမှုတွင် တရားရုံးတရပ်ရပ် (တရားရုံးချုပ်တရားသူကြီးတဦးဖြင့်ဖြစ်စေ၊ နှစ်ဦးဖြင့်ဖြစ်စေ ဖွဲ့စည်းထားသော တရားရုံး အပါအဝင်) ကချမှတ်သော စီရင်ချက်ကို၊ သို့တည်းမဟုတ် ဒီကရီကို၊ သို့တည်းမဟုတ် အပြီးသတ်အမိန့်ကို အယူခံဝင်ရန်၊ တရားရုံးချုပ်သည်၊ မိမိသဘောအတိုင်းအခွင့်ထူးပေးနိုင်သည်။"

အခွင့်ထူးအရ၊ မည်သည့်အမှု၌ မဆို၊ အယူခံဝင်ခြင်း။

၄။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၂၀ အစား၊ အောက်ပါကို၊ ပုဒ်မ ၂၀ အဖြစ်ထည့်သွင်းရမည်။

"၂၀။ ။မူလစီရင်ပိုင်ခွင့်အာဏာကိုသုံးစွဲ၍ ချမှတ်လိုက်သည့် တရားရုံးချုပ် တရားသူကြီးတဦး၏ ဒီကရီကို၊ သို့တည်းမဟုတ် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄ အရ အယူခံဝင်နိုင်သောအမိန့်ကို၊တရားရုံးချုပ်၌ အယူခံဝင်နိုင်ရမည်။"

တရားရုံးချုပ် တရားသူကြီးများ၏ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ကို၊ တရားရုံးချုပ်၌ အယူခံဝင်ခြင်း။